တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	....	....	၃
၃	အခန်း (၂) တာဝန်မှ နုတ်ထွက်ခြင်း	....	....	၆
၄	အခန်း (၃) အစားထိုးရွေးချယ်တင်မြှောက်ခြင်း	....	....	၇
၅	အခန်း (၄) အထွေထွေ	....	....	၈

တာဝန်မှုနတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၆]

နိဒါန်း

အခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ၁၈၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှုနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်ကို ဆိုသည်။

အခန်း ၂

တာဝန်မှ နုတ်ထွက်ခြင်း

၃။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ် တဦးသည်လည်းကောင်း၊ လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်းတရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ် တဦးသည်လည်းကောင်း မိမိတာဝန်မှနုတ်ထွက်လိုလျှင် မိမိနှင့်သက်ဆိုင်သောအဖွဲ့အစည်းသို့ ကျိုးကြောင်းဖော်ပြလျက် နုတ်ထွက်လွှာတင်သွင်းနိုင်သည်။

၄။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နိုင်ငံတော်ကောင်စီသို့လည်းကောင်း၊ လွှတ်တော်မှ ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် နိုင်ငံတော်ကောင်စီသို့လည်းကောင်း ရက်ပေါင်း သုံးဆယ် ကြိုတင်၍ နုတ်ထွက်လွှာကို တင်သွင်းရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း၊ ပြည်သူ့ကောင်စီမှ ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်း

တရပ်ရပ်တွင် တာဝန် ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှ တဆင့်သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း ရက်ပေါင်း သုံးဆယ် ကြိုတင်၍ နုတ်ထွက်လွှာကို တင်သွင်းရမည်။

၅။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် နုတ်ထွက်လွှာ တင်သွင်းပြီးနောက် ရက်ပေါင်း သုံးဆယ်အတွင်း မိမိ၏နုတ်ထွက်လွှာကိုပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၆။ နုတ်ထွက်လွှာတင်သွင်းပြီး ရက်ပေါင်း သုံးဆယ်ပြည့်မြောက်၍ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်းခြင်း မပြုလျှင် နိုင်ငံတော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က နုတ်ထွက်ခွင့်ပြုရမည်။

၇။ နုတ်ထွက်ခွင့်ပြုသောအခါ နိုင်ငံတော်ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့သည် အနီးကပ်ဆုံးလွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးသို့ နုတ်ထွက်ခွင့်ပြုပြီးကြောင်းတင်ပြရမည်။

အခန်း (၃)

အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၇။ အောက်ပါ အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် အစားထိုးရွေးချယ်တင်မြှောက်ရမည်—

(က) ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရဆုံးရှုံးခြင်း၊

(ခ) ဤဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ဂ) ကွယ်လွန်အနိစ္စရောက်ခြင်း။

၈။ (က) ပြည်သူ့ ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် ယင်းနေရာအတွက် ဥပဒေနှင့်အညီ အစားထိုး ရွေးချယ်တင်မြှောက်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်၊

(ခ) အဖွဲ့အစည်း တရပ်ရပ်တွင် ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့ ကိုယ်စားလှယ်တဦး၏ နေရာ လစ်လပ်လျှင် လက်ရှိ ပြည်သူ့ကိုယ်စားလှယ်များထဲမှ အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

၁၀။ လစ်လပ်သွားသော ပြည်သူ့ကိုယ်စားလှယ် နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်ရာတွင်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မရှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) လစ်လပ် သွားသော ပြည်သူ့ ကိုယ်စားလှယ် နေရာအတွက် အစားထိုး ရွေးချယ် တင်မြှောက်ရန် ကြားဖြတ် ရွေးချယ် တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်က ကျင်းပ ပေးရမည်၊

(ခ) အဖွဲ့အစည်းအတွင်း ရွေးချယ်တင်မြှောက်ထားသော အဖွဲ့ဝင် နေရာလစ်လပ်လျှင် အနီးကပ်ဆုံး လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

အခန်း (၄)

အထွေထွေ

၁၂။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် ရွေးချယ် တင်မြှောက် လိုက်သော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရရှိစေကာမူ ပြည်သူ့ကိုယ်စားလှယ် အဖြစ် ဆက်လက်တည်ရှိစေရမည်။

၁၃။ ပြည်သူ့ ကိုယ်စားလှယ် တဦးသည် ပြည်သူ့ ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခွင့်ရရှိလျှင် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ပြည်သူ့ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် ထိုသို့လစ်လပ်ကြောင်းကို သက်ဆိုင်ရာတို့က နိုင်ငံတော်ကောင်စီနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ဆိုင်ရာကော်မရှင်သို့ အမြန်ဆုံးအကြောင်းကြားရမည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလိုသတ်မှတ်နိုင်သည်။